
# သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုဆိုင်ရာ လေ့လာဆန်းစစ်မှုဆိုတာက (EIA)?



**EIA** သည် စီမံကိန်းဖော်ထုတ်သူများနှင့် **EIA** အကြံပေးပညာရှင်များမှ ဆောင်ရွက်သည့် သုတေသနလုပ်ငန်းစဉ်တစ်ခု ဖြစ်သည်။ အောက်ပါ ရည်ရွယ်ချက်များ ပါဝင်လေသည်။

- ဖွံ့ဖြိုးရေးစီမံကိန်းတစ်ခုမဆောင်ရွက်မီ ထိုစီမံကိန်း၏ လူမှုရေးနှင့်ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုများကိုနားလည်သဘောပေါက်ပြီး ထိခိုက်မှုများနှင့်ပတ်သက်သော သတင်းအချက်အလက်များကို စုစည်း တင်ပြနိုင်ရန်
- ဆုံးဖြတ်ချက်ချသူများထံသို့ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကိုလျှော့ချနိုင်သော နည်းလမ်းများနှင့် စီမံကိန်းကိုအကောင်အထည်ဖော်ရန် ခွင့်ပြုရန် သင့်မသင့်နှင့်ပတ်သက်သည့် သတင်းအချက်အလက်များနှင့် အကြံပြုချက်များကို တင်ပြနိုင်ရန်







**EIA** သည် အရေးကြီးသော ဆုံးဖြတ်ချက် တစ်စုံတစ်ရာမချမီ စီမံကိန်းတစ်ခု၏ ပတ်ဝန်းကျင်၊ လူမှုရေးနှင့် အခြားထိခိုက်မှုများကို လျှော့ချနိုင်သောနည်းလမ်းများကို အကဲဖြတ်သုံးသပ်ကာ ခန့်မှန်းဖော်ထုတ်ပေးသင့်သည်။ စီမံကိန်းအစားထိုး လုပ်ကိုင်နိုင်သောအရာများကို ထည့်သွင်းစဉ်းစားပေးရမည် ဖြစ်သည်။

## EIA လုပ်ဆောင်ရာတွင် လိုအပ်သောလုပ်ငန်းစဉ်များက ဘာတွေလဲ?

**(က) ပမာဏဆန်းစစ်ခြင်း** - အဆိုပြုထားသော စီမံကိန်းကို အကောင်အထည်ဖော်မည်ဆိုပါက **EIA** ဆောင်ရွက်ရန်လိုမလို၊ လိုအပ်ပါက မည်မျှအသေးစိတ် လေ့လာဆန်းစစ်ရမည်ကို သိရှိကာဆုံးဖြတ်ချက်ချနိုင်ရန် ပမာဏဆန်းစစ်ခြင်းကို ဆောင်ရွက်ခြင်းဖြစ်သည်။ ထိခိုက်မှုနည်းသောစီမံကိန်းများကို ဆောင်ရွက်ရာတွင်မူ **EIA** ကို အပြည့်အဝ လုပ်ကိုင်ရန် မလိုအပ်ပေ။

**(ခ) လုပ်ငန်းနယ်ပယ်သတ်မှတ်ခြင်း** - **EIA** လုပ်ကိုင်ရမည့် အရာများနှင့် လုပ်ငန်းနယ်ပယ်ကိုဖော်ထုတ်ပြီး လူထုတွေ့ဆုံဆွေးနွေးပွဲများကို ကျင်းပနိုင်ရန် သတ်မှတ်ခြင်းဖြစ်သည်။ ထိုသို့သတ်မှတ်ခြင်းအစီရင်ခံစာကိုသယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန **(MONREC)** မှအတည်ပြုပေးရမည်ဖြစ်ပြီး ၎င်းတွင် နောက်လုပ်ငန်းစဉ်တစ်ခုအနေဖြင့် လူထုတွေ့ဆုံပွဲများကို မည်သို့ကျင်းပမည်ဟူသော အစီအစဉ်များကို ရေးသား ဖော်မည်ဖြစ်သည်။

**(ဂ) EIA စုံစမ်းစစ်ဆေးခြင်း** - ပြည်သူလူထုနှင့် တွေ့ဆုံဆွေးနွေးပွဲများကျင်းပခြင်းဖြင့် အဆိုပြုစီမံကိန်း၏ သက်ရောက်မှုများကို ဖော်ထုတ်မှတ်တမ်းတင်ခြင်းဖြစ်ပြီး ပြည်သူလူထုနှင့် ဒေသခံတို့၏ သဘောဆန္ဒများနှင့်အညီ ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချ၊ ရှောင်ရှားနိုင်သော နည်းလမ်းများကို အဆိုပြု သတ်မှတ်ခြင်းပင် ဖြစ်သည်။







၎င်းအဆင့်သည် ၆ လမှ ၂ နှစ်ခန့်ကြာနိုင်ပြီး ရလဒ်အနေဖြင့် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချထိန်းချုပ်နိုင်သော နည်းလမ်းများကို အသေးစိတ်ဖော်ပြထားသည့် သဘာဝပတ်ဝန်းကျင် အုပ်ချုပ်လုပ်ကိုင်မှုစီမံချက် **(EMP)** ပါဝင်သည့် **EIA** အစီရင်ခံစာကိုရရှိမည်ဖြစ်သည်။ စီမံကိန်းဆောက် လုပ်ရေးလုပ်ငန်းများအတွက် ပတ်ဝန်းကျင် အုပ်ချုပ်လုပ်ကိုင်မှုစီမံချက် **(EMP)** နှင့် စီမံကိန်းလည်ပတ်ပတ် ဆောင်ရွက်မှုဆိုင်ရာ **EMP** စီမံချက်ဟူ၍ နှစ်ခုပါဝင်ရမည် ဖြစ်သည်။

**(ဃ) EIA သုံးသပ်လေ့လာခြင်း** - စီမံကိန်းဖော်ထုတ်သူများသည် **EIA** အစီရင်ခံစာကို **MONREC** ထံသို့ တင်သွင်းရမည်ဖြစ်ပြီး ပြည်သူလူထုထံသို့ ဖြန့်ဝေရမည်။ ထို့ပြင် အဆိုပါ အစီရင်ခံစာကိုလူထုတွေ့ဆုံပွဲများ၌လည်း တင်ပြ ဆွေးနွေးရမည်။

**(င) သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်** - ဝန်ကြီးဌာနသည် အဆိုပြုစီမံကိန်းအတွက် ဆောင်ရွက်ထားသည် **EIA** အစီရင်ခံစာကို အတည်ပြုခြင်းနှင့်ပယ်ချခြင်းတို့ပြုလုပ်နိုင်ပြီး ထပ်မံလေ့လာဆန်းစစ်မှုများကို လုပ်ကိုင်ရန် တောင်းဆိုနိုင်သည်။ ဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြည့်လေ့လာခြင်းနှင့် ထိခိုက်မှုများလျှော့ပါးနိုင်စေရေးအတွက် စီမံကိန်းများအနေဖြင့် လိုက်နာရမည့် အခြေအနေများနှင့် ကန့်သတ်ချက်များကို သတ်မှတ်ပေးနိုင်သည်။




EarthRights International

## လူထုတွေ့ဆုံ ဆွေးနွေးတိုင်ပင်ခြင်း

လူထုတွေ့ဆုံဆွေးနွေးခြင်းဆိုသည်မှာ ပြည်သူလူထုနှင့် ဆိုးကျိုးများလက်ခံရရှိနိုင်သည့် ဒေသခံများကို အဆိုပြုစီမံကိန်းနှင့်ပတ်သက်သော အကြောင်းအရာများကို အသိပေးကာ ပြည်သူလူထု၏ သဘောထားအမြင်များကို တောင်းခံခြင်းပင်ဖြစ်သည်။ ၎င်းတွင် အောက်ပါ အဆင့်တို့ ပါဝင်လေသည်။



- **EIA** လုပ်ငန်းစဉ်နှင့် စီမံကိန်းစသည်တို့နှင့်ပတ်သက်သည့် အကြောင်းအရာ၊ သတင်းအချက်အလက်များကို ပြည်သူများ အလွယ်တကူ နားလည်နိုင်သောနည်းလမ်းများ ရှင်းလင်းပြောဆိုပြီး ဒေသခံပြည်သူလူထုများ စဉ်းစားဆင်ခြင်နိုင်ရန် လုံလောက်သော အချိန်ကာလပေးခြင်း
- ရပ်ရွာဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ အစည်းအဝေး/ တွေ့ဆုံပွဲ ကျင်းပမည့်ရက်နှင့်အချိန်တို့ကို တိကျစွာ ကြိမ်ဖန်များစွာ ကြိုတင်အသိပေးထားရမည် ဖြစ်သည်။
- ပြည်သူလူထုတို့၏သဘောထားအမြင်များကို မှတ်တမ်းရယူခြင်းနှင့် ၎င်းအမြင်များနှင့် အညီ ဆောင်ရွက်နိုင်သော နည်းလမ်းများကိုဖော်ပြခြင်း

ဌာနေတိုင်းရင်းသား လူမျိုးများအပါအဝင် ထိခိုက်လွယ်သော အုပ်စုများကို ကာကွယ်နိုင်ရန်နှင့် လက်နက်ကိုင်အငြင်းပွားမှုများကို ဖြေရှင်းနိုင်ရန် အလေးထား ဆောင်ရွက်ရန် လိုသည့် အဆင့်များကို သတ်မှတ်ရမည်ဖြစ်သည်။

**(စ) စီမံအုပ်ချုပ်မှုဆိုင်ရာအယူခံဝင်ခြင်း** - စီမံကိန်းကြောင့် ထိခိုက်နစ်နာ သောလူပုဂ္ဂိုလ်သို့ အဖွဲ့အစည်းများသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရာ ကော်မတီထံသို့ **EIA** အတည်ပြုချက်ရယူနိုင်ရန် အယူခံဝင်လျှောက်ထားနိုင်သည်။



**(ဆ) အကောင်အထည်ဖော်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း**

- **MONREC** မှ **EIA** တစ်ခုကို အတည်ပြုပြီးနောက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စံချိန်စံညွှန်းများကို လိုက်နာသည့်သက်သေခံလက်မှတ်ကို ထုတ်ပေးမည်ဖြစ်သည်။ ၎င်းတွင် ပတ်ဝန်းကျင်ဆိုင်ရာ အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်အပြင် စီမံကိန်းမှ မဖြစ်မနေလိုက်နာရမည့် တာဝန်ဝတ္တရားများနှင့် ကတိကဝတ်များကို သတ်မှတ် ဖော်ပြထား ပါသည်။
- စီမံကိန်းဖော်ထုတ်သူများသည် ပတ်ဝန်းကျင်ဆိုင်ရာ အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်ကို အကောင်အထည်ဖော်ရန်လိုပြီး စီမံကိန်း၏သက်ရောက်မှုများကို စောင့်ကြည့်လေ့လာကာ ထိခိုက်မှုလျှော့ချနိုင်သော လုပ်ဆောင်ချက်များကို လုပ်ကိုင်မှုရှိ မရှိ ကြီးကြပ်ကွပ်ကဲရမည်ဖြစ်သည်။ စီမံကိန်းဖော်ထုတ်သူများသည် စောင့်ကြည့် လေ့လာခြင်းဆိုင်ရာ အစီရင်ခံစာကို ၆ လတစ်ကြိမ် တင်သွင်းရမည်ဖြစ်သည်။